**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**

**ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး**

ဆဋ္ဌမနေ့**မှတ်တမ်း**

**၁၃၇၉ ခုနှစ်၊ နယုန်လဆန်း ၅ ရက်**

**( ၂၀၁၇ ခုနှစ်၊ မေလ ၃၀ ရက် )**

**[အင်္ဂါနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ အစီအစဉ်ကို ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် မန်းဝင်းခိုင်သန်း က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးလွင်ဦး၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေးရဲ့ ဆဋ္ဌမနေ့ အစီအစဉ် စတင်ပါတော့မယ်။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

**အချိန်၊ ၁၀း၀၀။**

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့မှာ လွှတ်တော်အခွင့်အရေး ကော်မတီ ရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေ စုစုပေါင်း (၂၂၄)ဦး ရှိပြီး ဒီကနေ့ အစည်းအဝေးကို (၂၀၃)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်းရဲ့ (၉၀.၆၃) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန်လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၄ နဲ့ ၂၈ တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄ အရ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန် အစည်းအဝေး ရဲ့ ဆဋ္ဌမနေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။ အဲဒီ အစီအစဉ်အတိုင်း ကျင်းပပါမယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၄)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ (က)အရ ခွင့်ပန်ကြားလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်ဟာ မိမိကိုယ်တိုင်သော်လည်းကောင်း၊ မိမိအတွက် အခြားလွှတ်တော် ကိုယ်စားလှယ် တစ်ဦးကသော်လည်းကောင်း ခွင့်ပန်ကြားရမှာ ဖြစ်ပါတယ်။

ဒီကနေ့ အစည်းအဝေး မတက်ရောက်နိုင်တဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ရှိလျှင် ခွင့်ပန်ကြားဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၃။**

**ဦးမြမင်းဆွေ၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ကျင်းပပြုလုပ်တဲ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော်

ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ ၃၀-၅-၂၀၁၇ ရက်နေ့တွင် အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်း မရှိသော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များရဲ့ကိုယ်စား မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ် အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်၊ အမျိုးသားလွှတ်တော် လွှတ်တော်အခွင့်အရေး ကော်မတီ အဖွဲ့ဝင်ဖြစ်သူ ကျွန်တော် ဦးမြမင်းဆွေ က ခွင့်ပန်ကြားသွားမှာ ဖြစ်ပါတယ်။

ယနေ့အစည်းအဝေးသို့ တက်ရောက်နိုင်ခြင်းမရှိသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များမှာ ဦးဇော်မင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)၊ အလုပ်ရုံဆွေးနွေးပွဲတက်ရောက်ရန်။ ဒေါ်ကျိန်ငိုက်မန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၇)၊ ဧင်းအတိုင်း။ ဒေါ်လှဌေး(ခ)ဒေါ်အုန်းကြည်၊ မန္တလေး တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၄)၊ ဧင်းအတိုင်း။ ဦးစိုင်းထွန်းအောင်၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ် (၂)၊ ဧင်းအတိုင်း။ ဦးကျော်ထွေး၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဧင်းအတိုင်း။ ဒေါက်တာ ခင်မကြီး၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၈)၊ ဧင်းအတိုင်း။ ဦးစိုင်းပန်ဖ၊ ကယားပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)၊ ဧင်းအတိုင်း။ ဦးကျင့်ခန့်ပေါင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၆)၊ ဧင်းအတိုင်း။ ဦးဥက္ကာမင်း၊ တနင်္သာရီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)၊ ဧင်းအတိုင်း။ ဦးလှဆန်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၁)၊ ဧင်းအတိုင်း။ ဒေါ်အိအိပြုံး၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၈)၊ ဧင်းအတိုင်း။ ဦးကြည်ဝင်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)၊ ဧင်းအတိုင်း။ ဦးစိုးသီဟ(ခ)မောင်တူး၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၊ ဧင်းအတိုင်း။ ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၊ ကျန်းမာရေး။ ဦးစိုင်းဝမ်းလှိုင်းခမ်း၊ ရှမ်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၃)၊ ကျန်းမာရေး။ ဦးဆန်းမြင့်၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)၊ ရေကြည်မြို့နယ်လွှတ်တော်ကိုယ်စားလှယ်များရုံးဖွင့်ပွဲ။ ဦးမောင်မောင်ဆွေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)၊ ကိုယ်တိုင်ဆောင်ရွက်ရန်နှင့် ဦးကျော်မြင့်ဦး၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၀)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ပဲ ဖြစ်ပါတယ်။

ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦးနှင့် ယနေ့ခွင့်ပန်ကြားသူ (၁၈)ဦးဖြစ်ပြီး၊ စုစုပေါင်းခွင့်ပန်ကြားသူ(၂၁)ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါကြောင်းနှင့် ယနေ့ ခွင့်ပန်ကြားသူ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များကို လွှတ်တော်က ခွင့်အဖြစ် သတ်မှတ်ခွင့်ပြု ပေးနိုင်ပါရန် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လွှတ်တော်သို့ လေးစားစွာဖြင့် တင်ပြအပ် ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ ယခု ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာ ပါတယ်။ (ဩဘာသံများ)

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေမှာ (၂၂၄)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် လွှတ်တော်က ခွင့်ပြုထားသူ(၃)ဦး၊ ယနေ့ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၁၈)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ (၂၁)ဦးဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

၂၀၁၅ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၁၊ နည်းဥပဒေခွဲ(ဂ)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ။** ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို အမျိုးသားလွှတ်တော်က အတည်ပြု မှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

ယခု လွှတ်တော်ကိုယ်စားလှယ်နှစ်ဦး မေးမြန်းတဲ့ မေးခွန်းများဟာ ကာကွယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများ ဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာမေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ လယ်သမား (၁၈) ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေ (၁၀၈.၄၀) ဧကအား အမှတ်(၂၇၀) ခြေလျင်တပ်ရင်း စစ်တွေမှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၇။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ ဦးဝေစိန်အောင် က ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ လယ်သမား (၁၈) ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေ (၁၀၈.၄၀) ဧကအား အမှတ်(၂၇၀) ခြေလျင်တပ်ရင်း စစ်တွေမှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ ပြန်လည် လွှဲပြောင်းပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၇။**

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)က ဦးဝေစိန်အောင် ဖြစ်ပါတယ်။ ကျွန်တော် မေးလိုတာကတော့ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ လယ်သမား(၁၈)ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေ (၁၀၈.၄၀)ဧကအား စစ်တွေအခြေစိုက် ခြေလျင်တပ်ရင်းအမှတ်(၂၇၀)မှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင် လယ်သမားများထံသို့ ပြန်လည်လွှဲအပ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် လျော်ကြေးငွေပေးရန် အစီအစဉ် ရှိ/မရှိဆိုတဲ့ မေးခွန်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ လယ်သမား(၁၈)ဦးပိုင်ဆိုင်သော လယ်ယာမြေ၊ လယ်မြေ(၁၀၃.၂၀)ဧကနှင့် စားကျက်မြေ(၅.၂၀)ဧကကို စစ်တွေအခြေစိုက် ခြေလျင်တပ်ရင်း(၂၇၀)မှ ၁၉၉၄ ခုနှစ်ကပင် သိမ်းယူထားခဲ့သည်မှာ ယခုဆိုလျှင်(၂၂)နှစ်ရှိခဲ့ပါပြီ။ ထိုသို့ သိမ်းယူခဲ့သော လယ်မြေနှင့် စားကျက်မြေ(၁၀၈.၄၀) ဧကတွင် စစ်တပ်အဆောက်အအုံ တစ်စုံတစ်ရာမှ တည်ဆောက်ထားခြင်း မရှိဘဲ စစ်တွေ နည်းပညာတက္ကသိုလ် တစ်ခုသာ မြေဧက(၄၀)ပေါ်တွင် တည်ဆောက်ထားရှိပါတယ်။ လယ်မြေများမှာ ယနေ့ထက်တိုင် မည်သည့် အဆောက်အအုံမှ ဆောက်လုပ်ထားခြင်း မရှိပါ။ မီးရထားလမ်း တစ်ကြောင်းသာ ၎င်းမြေပေါ်မှ ဖြတ်သန်းဖောက်လုပ်ထားတာ ရှိပါတယ်။ ၎င်းအပြင် ထိုမြေများအား အမှန်တကယ် နိုင်ငံသား ဖြစ်သည် မဖြစ်သည် မသေချာသော ဘင်္ဂါလီ၊ မူဆလင်များအား သီးစားချထားပေးသည်မှာ အလွန် ရင်နင့်စရာကောင်းသော ဖြစ်ရပ် ဖြစ်ပါတယ်။ လယ်မြေသိမ်းဆည်းခံရသူ လယ်သမားများမှာ ဘိုးစဉ်ဘောင်ဆက် လယ်ယာပိုင်ဆိုင်မှု အမည်ပေါက်သူများဖြစ်ပြီး လယ်ခွန်မြေခွန်များကို မြေသိမ်းမခံရမီ အချိန်အထိ ဆက်တိုက်ပေးသွင်းလာသူများ ဖြစ်ပါတယ်။ လယ်ခွန်ပြေစာများကိုလည်း တင်ပြနိုင်စွမ်းရှိသူများ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ထိုသို့ လယ်မြေသိမ်းဆည်းခံရသူ လယ်သမားများအနက် တချို့မှာ လယ်ဧက(၁၀)ကျော် (၂၀)အထိဆုံးရှုံးသွားကာ လယ်ယာမြေလုပ်ငန်း တစ်ခုတည်းကိုသာ အသက်မွေး

ဝမ်းကျောင်း လုပ်ကိုင်နေရသူများဖြစ်၍ လက်ကျန်မြေများ မရှိတော့သဖြင့် ဆင်းရဲနွမ်းပါးသည့် မိသားစု ဘဝတစ်ခုကို ရပ်တည်ရန် အလွန်အခက်အခဲများ ကြုံတွေ့နေရကြောင်း သိရှိရပါတယ်။ ၂၀၁၆ ခုနှစ် နောက်ပိုင်းအစိုးရသစ်လက်ထက်တွင် လယ်ယာမြေနှင့်အခြားမြေများ သိမ်းဆည်းခံရမှုများကို စိစစ် အရေးယူဆောင်ရွက်ရာ၌ အဆောက်အအုံ အခိုင်အမာဆောက်လုပ်ထားခြင်းမရှိဘဲ နိုင်ငံတော်အကျိုး အတွက် အသုံးမပြု လွတ်ကျန်နေသော လယ်မြေများကို မူလပိုင်ရှင်များထံသို့ လယ်မြေပေးအပ်မှုများ ရှိခဲ့ပါတယ်။ ယခုလယ်မြေသိမ်းဆည်းခံရသူများအနေဖြင့် လွန်ခဲ့သော(၉)လကျော်က ရခိုင်ပြည်နယ် လယ်ယာမြေနှင့် အခြားမြေများသိမ်းဆည်းခံရမှု ပြန်လည်စိစစ်ရေးကော်မတီသို့ တင်ပြခဲ့သော်လည်း ယခုအထိတိုင် မည်သည့်ထူးခြားမှုမျှ မရှိပါ။ လယ်ယာမြေစီမံခန့်ခွဲမှုဥပဒေပုဒ်မ ၃၂ က ဒီလို ဆိုထား ပါတယ်။ နိုင်ငံတော်အကျိုးဖြစ်ထွန်းစေမည့် စီမံကိန်းများအတွက် လယ်ယာမြေကို သိမ်းဆည်းရာတွင် အနည်းဆုံးလိုအပ်သော ပမာဏကိုသာ သိမ်းဆည်းရမည်။ စီမံကိန်းဆောင်ရွက်ခြင်း မပြုတော့ပါက မူလလယ်ယာမြေများကို မူလလယ်ယာ ပိုင်ဆိုင်ခွင့်ရရှိထားသောပုဂ္ဂိုလ်ထံ ပြန်လည်ပေးအပ်ရမည်လို့ ဆိုထားပါတယ်။

သို့ဖြစ်ရာ လယ်ယာမြေ နစ်နာဆုံးရှုံးရသော လယ်သမားများ၏ ဆန္ဒအရလည်းကောင်း၊ နိုင်ငံတော်မှ အသုံးမပြု ကျန်ရှိနေသော လယ်မြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ်သင့် သည်၊ ပြန်လည်ပေးအပ်ရန် အချိန်တန်ပြီဟု ယူဆသည့်အတွက်လည်းကောင်း၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ ဖော်ပြပါ သိမ်းဆည်းခံလယ်မြေများကို မူလပိုင်ရှင်များထံသို့ ပြန်လည်ပေးအပ် ရန် အစီအစဉ် ရှိ/မရှိနှင့် လျော်ကြေးငွေ ပေးအပ်ရန် အစီအစဉ် ရှိ/မရှိကို မေးခွန်းမေးမြန်းအပ်ပါ တယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဇင်းခါးချေကျေးရွာ၊ ချောင်းသားမြောက်ကွင်း၊ ကွင်းအမှတ် ၈၄၇(A)တွင်ရှိသည့် လယ်မြေ(၁၅)ဧကကို ကာကွယ်ရေးဝန်ကြီးဌာန၊ သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့်စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၁၂။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ ဦးမြင့်နိုင် က ရခိုင် ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဇင်းခါးချေကျေးရွာ၊ ချောင်းသားမြောက်ကွင်း၊ ကွင်းအမှတ် ၈၄၇-(A) တွင်ရှိသည့် လယ်မြေ(၁၅)ဧကကို ကာကွယ်ရေးဝန်ကြီးဌာန၊ သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ် ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၂။**

**ဦးမြင့်နိုင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)**။ ။ လေးစားအပ်ပါတဲ့ အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို သာလီစွပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၅)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမြင့်နိုင် ဖြစ်ပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့ မဲဆန္ဒနယ် ကျောက်တော်မြို့နယ်တွင် လူဦးရေအားဖြင့် (၂၁၆၉၅၀)ဦးရှိပြီး၊ ကျေးရွာအုပ်စု(၇၄)အုပ်စု၊ ကျေးရွာ

ပေါင်း(၂၈၃)ရှာရှိတဲ့ မြို့တစ်မြို့ဖြစ်ပါတယ်။ ကျောက်တော်မြို့နယ်တွင် အများစုမှာ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ စိုက်ပျိုးမြေ မြေဧက(၉၁၆၅၈)ဧကရှိပြီး လယ်မြေဧကအဖြစ်(၈၄၅၅၄)ဧကရှိပါတယ်။ ကျောက်တော်မြို့နယ်၊ ဇင်းခါးချောကျေးရွာအုပ်စု၊ ဇင်းခါးချောကျေးရွာတွင် လူဦးရေအားဖြင့် (၁၅၉၂)ဦးရှိပြီး၊ အိမ်ခြေ(၃၆၀)ရှိပါတယ်။ အားလုံးနီးပါး လယ်ယာလုပ်ငန်းကို လုပ်ကိုင်ကြပါတယ်။ ချောင်းသားမြောက်ကွင်း၊ ကွင်းအမှတ်-၈၄၇ (A)ကွင်းဟာ ဇင်းခါးချောကျေးရွာတွင် ရှိတဲ့ကွင်းဖြစ်ပါတယ်။ ၂၀၀၃ ခုနှစ်တွင် အဆိုပါကွင်းအမှတ်-၈၄၇ (A)မှ လယ်မြေဧက(၄၀)ခန့်ကို အမှတ်(၃၇၅) တပ်ရင်းမှ တပ်သက်သာအတွက်ဆိုပြီး ခေါင်းစဥ်တပ်ပြီး သိမ်းယူခဲ့ပါတယ်။ ၂၈-၃-၂၀၁၆ ရက်နေ့တွင် သိမ်းဆည်းမြေဧက (၄၀)ထဲမှ (၂၅)ဧကကို မူလပိုင်ရှင်များထံသို့ စွန့်လွှတ်ခဲ့ပြီး ဖြစ်ပါတယ်။ ကျန်မြေ (၁၅)ဧကမှာ စွန့်လွှတ်ရန် ကျန်ရှိနေခဲ့ပါတယ်။ အဆိုပါ (၁၅)ဧကကို မူလပိုင်ရှင်များအဖြစ် လယ်သမား (၉)ဦး ပိုင်ဆိုင်တယ်လို့ သိရှိရပါတယ်။ ယနေ့အထိ မိမိပိုင် လယ်မြေများအား တစ်နှစ်လျှင် သီးစားခ (၁)ဧကလျှင် စပါး(၁၀)တင်းနှုန်းပေးပြီး လယ်ငှားအဖြစ် လုပ်ကိုင်နေကြရပါတယ်။

အဆိုပါ လယ်မြေ(၁၅)ဧကမှာ တပ်တည်နေရာနှင့် တစ်ဆက်တစ်စပ်တည်း မရှိတဲ့အပြင် တပ်နဲ့လည်း (၁၀)မိုင်ခန့် ဝေးကွာပြီး တပ်မြေများ သိမ်းဆည်းမှု မူဝါဒနှင့် စပ်လျဥ်း၍ ချမှတ်ထားသော မူဝါဒနှင့်လည်း ကိုက်ညီမှု မရှိတာကို တွေ့ရပါတယ်။ အဆိုပါ မူဝါဒမှာ တပ်သိမ်းဆည်းသည့် မြေများတွင် အရပ်သားများအား သီးစားချထားခြင်း၊ အကျိုးတူဆောင်ရွက်ခြင်း လုံးဝမပြုလုပ်ရဆိုသည့် မူ ပါပါတယ်။ တပ်ဌာနချုပ်များ၏ လုံခြုံရေးလိုအပ်ချက်အရ လေ့ကျင့်ရေးကွင်း လိုအပ်ချက်များတွင် အမှန်တကယ်လိုအပ်သည့် အနည်းဆုံး မြေဧရိယာ အကျယ်အဝန်းကိုသာ တွက်ချက်ရယူဆောင်ရွက်ရန် တပ်များအနေဖြင့် အမှန်တကယ်လိုအပ်သော ဧရိယာအကျယ်အဝန်းကို ရယူပြီး ကျန်မြေပိုများကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲအပ်ပေးနိုင်ရေး လုပ်ထုံးလုပ်နည်းနှင့်အညီ ပြန်လည်စွန့်လွှတ်သွားရန် ဆိုပြီး ပါရှိပါတယ်။ အခု မူဝါဒအရဆိုလျှင် ဌာနအနေဖြင့် ပြန်လည်စွန့်လွှတ်ပေးရမယ်လို့ ယူဆပါတယ်။ လယ်သမားများမှာလည်း မိမိလယ်ယာမြေများကို မိမိတို့ကိုယ်တိုင် လွတ်လွတ်လပ်လပ် ပြန်လည် လုပ်ကိုင်လိုကြသောကြောင့် လယ်သမားများရဲ့ တောင်းဆိုချက်အရ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းကို မေးမြန်းအပ်ပါတယ်ခင်ဗျား။

ကျောက်တော်မြို့နယ်၊ ဇင်းခါးချောကျေးရွာ၊ ချောင်းသားမြောက်ကွင်း၊ ကွင်းအမှတ်-၈၄၇ (A)ကွင်းတွင်ရှိသည့် လယ်ယာမြေ(၁၅)ဧကကို ကာကွယ်ရေးဝန်ကြီးဌာနမှ သိမ်းဆည်းမြေမှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိမေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၁၅။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းများနဲ့ ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

## ဖြေကြားချက်

**အချိန်၊ ၁၀း၁၆။**

**ဗိုလ်ချုပ်မြင့်နွယ် (ဒုတိယဝန်ကြီး၊ ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများခင်ဗျား။ မင်္ဂလာအပေါင်းနဲ့ ပြည့်စုံပါစေကြောင်း ဆုတောင်းမေတ္တာပို့သ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဗိုလ်ချုပ်မြင့်နွယ် ဖြစ်ပါတယ်။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဝေစိန်အောင် ၏ ရခိုင်ပြည်နယ်၊ စစ်တွေမြို့နယ်၊ ရေချမ်းပြင်ကျေးရွာမှ လယ်သမား(၁၈)ဦးပိုင် လယ်ယာမြေနှင့် စားကျက်မြေ (၁၀၈.၄၀)ဧကအား စစ်တွေအခြေစိုက် ခြေလျင်တပ်ရင်း(၂၇၀)မှ သိမ်းဆည်းထားခြင်းကို မူလပိုင်ရှင်များထံ ပြန်လည်လွှဲပြောင်းပေးရန် အစီအစဉ်ရှိ/မရှိ ကြယ်ပွင့်ပြမေးခွန်းနဲ့ပတ်သက်ပြီး ကာကွယ်ရေးဝန်ကြီးဌာနမှ ပထမဦးစွာ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ မြေနေရာဟာ အမှတ်(၂၇၀)ခြေလျင်တပ်ရင်းရဲ့ တပ်ဟောင်းမြေနေရာ၊ တပ်ပြင်ပမြေ(၂၇၇.၃၇)ဧကတွင် ပါဝင်ပြီး လက်ရှိ တပ်ရင်းဖွင့်လှစ်ထားသည့် မြေနေရာနှင့် (၁.၅)မိုင်ခန့် ကွာဝေးပါတယ်။ စတင်သိမ်းဆည်းစဉ်မှာ ဦးပိုင်ပေါက် တောင်သူ(၁၀၈)ဦးရဲ့ ဦးပိုင်ပေါက်မြေ (၂၃၈.၈၇)ဧကကို ပြည်ထဲရေးဝန်ကြီးဌာနရဲ့ ၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၈ ရက်စွဲပါ စာအမှတ်၊ ၁၁/၁၂/ အခ (၃) ဖြင့် လည်းကောင်း၊ အခမဲ့ လွှဲပြောင်းရရှိမြေ (၃၈.၅၀)ဧကအား ၁၉၉၆ ခုနှစ်၊ ဇွန်လ ၂၈ ရက် ရက်စွဲပါ စာအမှတ်၊ ၁၂/၁၁/ အခ (၃) ဖြင့်လည်းကောင်း၊ ပြည်ထဲရေးအမိန့်များ ရရှိပြီးဖြစ်ကာ မြေသိမ်းဆည်းခြင်းအပေါ်မှာ သဘောတူကြောင်း ထောက်ခံချက်ကိုလည်း ရခိုင်ပြည်နယ်၊ ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ရဲ့ ၁၉၉၅ ခုနှစ်၊ ဇွန်လ ၂၂ ရက် ရက်စွဲပါ စာအမှတ်၊ ၁၃/၁-၃ ပဝတ (ရခိုင်)ဖြင့် ရရှိထားပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းခဲ့ကြောင်း စိစစ်တွေ့ရှိရပါတယ်။

အဆိုပါ တပ်ပိုင်မြေ (၂၇၇.၃၇)ဧကအနက် မြေ(၄၀)ဧကအား အစိုးရနည်းပညာ တက္ကသိုလ် စစ်တွေမြို့သို့လည်းကောင်း၊ မြေ(၅.၂၇)ဧကအား စစ်တွေ-ကျောက်တော် မီးရထားလမ်း ဖောက်လုပ်ရာတွင်လည်းကောင်း လွှဲပြောင်းပေးအပ်ခဲ့သဖြင့် လက်ရှိတပ်ပိုင်မြေယာ (၂၃၂.၁၀)ဧကသာ ကျန်ရှိခဲ့ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ လယ်သမား(၁၈)ဦးပိုင်မြေနဲ့ စားကျက်မြေ (၁၀၈.၄၀)အနက်မှ မြေ(၃၀)ဧကခန့်အား အစိုးရနည်းပညာတက္ကသိုလ် စစ်တွေမြို့သို့ လွှဲပြောင်းပေးအပ်ခဲ့သည့် မြေမှာပါဝင်လျက်ရှိပြီးတော့ အဆောက်အအုံများလည်း ဆောက်လုပ်ထားရှိပြီးဖြစ်ကြောင်း စိစစ်တွေ့ရှိရပါတယ်။ တပ်ရင်းဌာနချုပ်အနေဖြင့် ကျန်ရှိသော တပ်ပိုင်မြေ (၂၃၂.၁၀)ဧကတွင် မည်သူတစ်ဦးတစ်ယောက်ကိုမျှ သီးစားချထားခြင်းမရှိဘဲ တပ်ရင်းမိသားစု သက်သာချောင်ချိရေးအတွက် တပ်ရင်းမှ နှစ်စဉ် စပါးစိုက်ပျိုးခြင်းနဲ့ ပုစွန်မွေးမြူခြင်းလုပ်ငန်းများကို လုပ်ကိုင်လျက်ရှိကြောင်း စိစစ်တွေ့ရှိရပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ မြေနေရာဟာ အမှတ်(၂၇၀) ခြေလျင်တပ်ရင်းရဲ့ မူလတပ်ဟောင်းမြေနေရာဖြစ်ပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ သိမ်းဆည်းခဲ့ရာ ပြည်ထဲရေးဝန်ကြီးဌာန၏ မြေပေးအမိန့်များ ရရှိပြီးဖြစ်ခြင်း၊ စတင်သိမ်းဆည်းစဉ်ကပင် သိမ်းဆည်းခံ တောင်သူများမှ သဘောတူကြောင်း လက်မှတ်ရေးထိုးထားရှိခြင်း၊ မည်သူ တစ်ဦးတစ်ယောက်ကိုမျှ သီးစားချထားခြင်းမရှိဘဲ တပ်မိသားစု သက်သာချောင်ချိရေးအတွက် စိုက်ပျိုးရေးနဲ့ မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိခြင်းတို့ကြောင့် ပြန်လည်စွန့်လွှတ်ပေးနိုင်ခြင်း မရှိပါကြောင်း လေးစားစွာ တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

ဆက်လက်ပြီးတော့ ဒုတိယမေးခွန်းဖြစ်တဲ့ ရခိုင်ပြည်နယ်၊ ကျောက်တော်မြို့နယ်၊ ဇင်းခါးချေ ကျေးရွာ၊ ချောင်းသားမြောက်ကွင်း၊ ကွင်းအမှတ်-၈၄၇ (A)တွင်ရှိသည့် လယ်မြေ(၁၅)ဧကကို ကာကွယ်ရေး ဝန်ကြီးဌာနမှ သိမ်းဆည်းမြေအဖြစ်မှ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ် ရှိ/မရှိ ကြယ်ပွင့်ပြ မေးခွန်းနဲ့ ပတ်သက်ပြီးတော့ ကာကွယ်ရေးဝန်ကြီးဌာနအနေနဲ့ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ မြေနေရာဟာ အမှတ်(၃၇၂)ခြေမြန်တပ်ရင်းရဲ့ တပ်ဧရိယာ ပြင်ပမြေဖြစ်သော ကျောက်တော်မြို့နယ်၊ ဇင်းခါးချေကျေးရွာ ကွင်းအမှတ်-၈၄၇(A) ချောင်းသားမြောက်ကွင်းရှိ လယ်မြေ(၁၅)ဧကဖြစ်ပြီး တပ်ရင်းဌာနချုပ်နှင့် (၁၀)မိုင်ခန့်ကွာဝေးကြောင်း နှင့် စတင်သိမ်းဆည်းစဉ်က အဆိုပါမြေသည် မူလပိုင်ရှင်မရှိဘဲ စားကျက်မြေများဖြစ်၍ လျော်ကြေး ငွေများ ပေးခဲ့ခြင်းမရှိပါ။ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ ၂၀၀၄ ခုနှစ်၊ ဧပြီလ ၁ ရက် ရက်စွဲပါ အမိန့်အမှတ် (၂၅/၂၀၀၄) ဖြင့် စားကျက်မြေမှ ပယ်ဖျက်ခွင့်အမိန့် ရရှိခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးခွန်းပါ လယ်မြေ(၁၅)ဧကဟာ ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရဲ့ စားကျက်မြေအဖြစ်မှ ပယ်ဖျက်ခွင့်အမိန့် ရရှိပြီးဖြစ်သော်လည်း မြေစစ်ဗဟိုရဲ့ စွန့်လွှတ်ခြင်းဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်နှင့်အညီ တပ်မတော်ရဲ့ သိမ်းဆည်းမြေဆိုင်ရာ မူဝါဒပြဋ္ဌာန်းချက်နှင့်အညီ လုပ်ထုံးလုပ်နည်းအတိုင်း ပြန်လည်စွန့်လွှတ်သွားမည် ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။　　။ လိုရင်းမေး။ ဘာမေးမှာလဲ။

**ဦးဝေစိန်အောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)**။　　။ ဖြေကြားသွားတဲ့အတွက် ကျေးဇူး တင်ရှိပါတယ်။ ကျွန်တော်က ဝန်ကြီးနဲ့လည်း တွေ့ပြီးပါပြီ။ အဲဒီကိစ္စနဲ့ပတ်သက်၍လည်း လယ်သမား တွေလည်း ကျွန်တော့်ဆီကို ခဏခဏလာတဲ့အတွက် ကျွန်တော် အဲဒီကို (၂)ကြိမ် သွားကြည့်ခဲ့ပါတယ်။ ပထမအကြိမ်မှာဆိုရင် လည်းသွားကြည့်တော့ လယ်ထွန်ရှင်ဆိုလို့ မူဆလင်ကုလားရယ် လယ်ထွန် နေတာ မီးရထားလမ်း ဟိုဘက်ဘေး၊ ဒီဘက်ဘေးမှာ တွေ့ပါတယ်။ နောက် အခုတစ်ခေါက်မှာလည်း ကျွန်တော် သွားကြည့်တော့ အုတ်ဖုတ်နေတာ မူဆလင်ကုလားတွေ၊ အုတ်ဖုတ်နေတဲ့ မူဆလင် ဘင်္ဂါလီတွေ အုတ်ဖုတ်နေတာတွေ့ပါတယ်။ ဘာပဲပြောပြော ကျွန်တော်တို့ကတော့ တပ်မှုအရ ရန်ပုံငွေအတွက် ရည်မှန်းချက်အတွက် သိမ်းဆည်းထားတဲ့အတွက် အတင်းအဓမ္မတော့ မပြောလိုတော့ပါဘူး။ ဒါပေမဲ့

အဲဒီမြေတွေအတွက် လျော်ကြေးငွေ တစ်စုံတစ်ရာ ပေးနိုင်ဖို့ စဉ်းစားချေ ရှိ/မရှိ ဆိုတာ ကျွန်တော် သိလိုပါတယ်ခင်ဗျား။

**ဗိုလ်ချုပ်မြင့်နွယ်(ဒုတိယဝန်ကြီး၊ကာကွယ်ရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးပြောတဲ့အတိုင်းပါပဲ။ ကျွန်တော် ဒီကိစ္စနဲ့ပတ်သက်ပြီးလည်း လွှတ်တော်ကိုယ်စားလှယ်များရဲ့ မေးခွန်း အပေါ်မှာ အလေးအနက်ထားသောအားဖြင့် ကျွန်တော်မြေစစ်ဗဟိုကိစ္စရပ်များနဲ့ တပ်မတော်ရဲ့ စွန့်လွှတ်မြေများ ပြန်လည်စွန့်လွှတ်ခြင်းဆိုင်ရာကိစ္စရပ်များနဲ့ပတ်သက်ပြီးတော့ စစ်တွေမြို့ခရီးစဉ်မှာ ပြည်နယ်အစိုးရနဲ့ အစည်းအဝေးများ ဆောင်ရွက်ပြီးတဲ့နောက်ပိုင်း လွှတ်တော်ကိုယ်စားလှယ်ကို သီးသန့်တွေ့ဆုံ ပြီးတော့ ဒီကိစ္စကို ဆွေးနွေးခဲ့ပါတယ်။ အဲဒီမှာတုန်းကလည်း ကျွန်တော်တို့ တပ်မတော်ရဲ့ မြေစွန့်လွှတ် ခြင်းဆိုင်ရာမူဝါဒများ မြေစစ်ဗဟိုရဲ့ ညွှန်ကြားချက်များကို လွှတ်တော်ကိုယ်စားလှယ်ကြီးကို ရှင်းလင်းပြ ခဲ့ပါတယ်။ ကျွန်တော်ကိုယ်တိုင်လည်း အဲဒီမှာ နယ်မြေခံတပ်မှူးနဲ့ တွေ့ဆုံပြီးတော့ လက်ရှိဆောင်ရွက်မှု အခြေအနေတွေကိုလည်း လေ့လာကြည့်ရှုခဲ့ပါတယ်။

မြေယာကိစ္စလျော်ကြေးနဲ့ ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်တော်ကြီးကို လေးစားစွာ ရှင်းလင်းတင်ပြလိုပါတယ်။ ကျွန်တော်တို့ ဒီ စွန့်လွှတ်မြေနဲ့ပတ်သက်လို့ ဒီမြေယာဆိုရင် လွှတ်တော်ကိုယ်စားလှယ်တော်ကြီးရဲ့ မေးခွန်းမှာပါတဲ့အတိုင်း ၁၉၉၄ ခုနှစ်ကနေ စတင်ဆောင်ရွက်ခဲ့ခြင်းဖြစ်ပါတယ်။ အဲဒီခေတ်တုန်းက အဲဒီခေတ်စနစ်တွေမှာရှိခဲ့တဲ့ ရည်ရွယ်ချက်တွေနဲ့သိမ်းခဲ့တဲ့ မြေယာကိစ္စတွေကို ကျွန်တော်တို့ ဒီနေ့ ဒီမိုကရေစီခေတ်ကို ရောက်ရှိလာတဲ့အချိန်မှာ ပွင့်လင်းမြင်သာမှုတွေ၊ အချိန်ကာလရဲ့ ကွာခြားချက်တွေ၊ ငွေကြေးတန်ဖိုးကွာခြားချက်တွေ ဒီလိုကွာခြားချက်တွေနဲ့ လွန်ခဲ့တဲ့ အနှစ်(၂၀)လောက်ကကာလနဲ့ အခုဒီမိုကရေစီခေတ်ကာလကို ပုံတူထပ်တူပြုပြီးတော့ ဖြေရှင်းတဲ့အခါမှာ ကန့်သတ်ချက်တွေ မြောက်မြားစွာရှိမယ်ဆိုတာ စဉ်းစားမိပါတယ်။

ကျွန်တော်တို့ဟာဆိုရင် မူဝါဒအတိုင်းသာ ဆက်လက်ဆောင်ရွက်ခဲ့တဲ့အတွက်ကြောင့် ကျွန်တော်တို့အနေနဲ့ လျော်ကြေးငွေနဲ့ပတ်သက်ပြီးတော့ ပြန်လည်စွန့်လွှတ်ပေးရန် အစီအစဉ်မရှိကြောင်း ပြောကြားလိုပါတယ်။ တစ်ဆက်တည်း ကျွန်တော်ပြောကြားလိုတာကတော့ ကိုယ်စားလှယ်ကြီး မေးခွန်းမှာပါတဲ့အတိုင်း မူဆလင်ကုလားတွေ အလုပ်လုပ်နေတယ်။ သီးစားချထားတယ်ဆိုတာလည်း တကယ်တော့ မဟုတ်ပါဘူး။ အလုပ်သမားတွေငှားရမ်းပြီး ထိုက်သင့်တဲ့အခကြေးငွေနဲ့ လုပ်ကိုင်ဆောင်ရွက်နေခြင်းပဲ ဖြစ်ပါတယ်။ ဒါနဲ့ပတ်သက်ပြီးတော့ သက်ဆိုင်ရာ နယ်မြေခံတပ်မှူးနဲ့ တွေ့ဆုံဆွေးနွေးတဲ့အခါမှာလည်း ကျွန်တော်တို့ စစ်တွေမြို့ရဲ့မြေနေရာက ကျဉ်းပါတယ်။ ကျွန်တော်တို့ တပ်များဟာ အခုလက်ရှိအခြေအနေအရ တပ်များဖွဲ့စည်းတဲ့အခါမှာ တပ်(၁)တပ်တည်းနဲ့ စိုက်ပျိုးမွေးမြူရေးကိစ္စများကို စီစဉ်ဆောင်ရွက်လို့ မလုံလောက်ပါဘူး။ အလျဉ်းသင့်လို့ ကျွန်တော်တို့ တပ်မတော်ရဲ့ စိုက်ပျိုးရေးမွေးမြူရေးလုပ်ငန်းများ ဘာကြောင့်ဇောက်ချပြီး လုပ်ကိုင်နေရသလဲဆိုတာကို လွှတ်တော်ကိုယ်စားလှယ်ကြီး အပါအဝင် အမျိုးသားလွှတ်တော်ကြီးသို့ ကျွန်တော် ရှင်းလင်းတင်ပြပါမယ်။

ကျွန်တော်တို့ တပ်မတော်ရဲ့ ရိက္ခာစရိတ်ကို မြန်မာနိုင်ငံရဲတပ်ဖွဲ့ကဲ့သို့ သတ်မှတ်ပေးမယ်ဆိုရင် တစ်နှစ်ကို ကျပ်(၇၅.၇၉)ဘီလီယံခန့် ထပ်မံလိုအပ်မှာဖြစ်ပါတယ်။ ဒီလို လိုအပ်ချက်တွေကို နိုင်ငံ

တော်ဘတ်ဂျက်မှ ထပ်မံတောင်းခံခြင်းမပြုဘဲနဲ့ တပ်တွင်းမိသားစု တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများ၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား တပ်မတော်တစ်ရပ်လုံး အစီအစဉ်တကျ ချမှတ်အကောင် အထည်ဖော်ဆောင်ရွက်လျက်ရှိပြီးတော့ ရရှိလာတဲ့ထွက်ကုန်များကို ပြင်ပပေါက်ဈေးထက် သက်သာ သောနှုန်းထားများဖြင့် တပ်မတော်မိသားစုများအား ရောင်းချပေးလျက်ရှိပါတယ်။ ပိုလျှံတဲ့သားငါးများ၊ ဟင်းသီးဟင်းရွက်များကိုလည်း ပြင်ပသို့ သက်သာသောနှုန်းထားများဖြင့် ရောင်းချပေးလျက်ရှိပါတယ်။ တပ်မတော်မှ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို အမှန်တကယ်ဆောင်ရွက်ခြင်းကြောင့် နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာ ထုတ်လုပ်နိုင်မှုပမာဏ မြင့်တက်စေခြင်း၊ တပ်မတော်သားများ၏ စားသောက်ရေးကို ပြေလည်စေခြင်းဖြင့် ကောင်းမွန်စွာ ထောက်ပံ့မှုပြုပေးနိုင်ခြင်းအပြင် နိုင်ငံတော်ရဲ့ ဘဏ္ဍာငွေအား နှစ်စဉ် (၇၅.၇၉)ဘီလီယံခန့် ခြိုးခြံချွေတာရာ ရောက်စေပါတယ်။ ဒါကြောင့် တပ်မတော်ရဲ့ စိုက်ပျိုးမွေးမြူ ရေးလုပ်ငန်းဟာ နိုင်ငံတော်အားလည်း တစ်ဖက်တစ်လမ်းကနေပြီးတော့ အထောက်အကူပြုတဲ့အတွက် ကြောင့် ကျွန်တော်တို့တပ်ရဲ့ တပ်ပိုင်မြေအနေနဲ့ ဆက်လက် စိုက်ပျိုးလုပ်ကိုင်လျက်ရှိနေပါကြောင်း လေးစားစွာ ရှင်းလင်းတင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ မေးခွန်းလာရောက်ဖြေကြားပေးတဲ့ ပြည်ထောင်စုအဆင့် အဖွဲ့အစည်း ဝင်များမိမိအစီအစဉ် ပြီးဆုံးလျှင် ပြန်လည်ထွက်ခွာနိုင်ပါတယ်။

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ် သုံးဦး မေးမြန်းတဲ့ မေးခွန်း များဟာ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းက ဖြေကြားမယ့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်း မေးမြန်းပြီးမှ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းရှိ တိမ်ကောနေသော မြို့လယ်ချောင်းအား ရေစီးရေလာ ကောင်းမွန်စေရန်နှင့် သွားလာရေးလွယ်ကူစေရန်အတွက် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၅။**

**ဥက္ကဋ္ဌ**။ ။ ပထမဦးစွာ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)မှ ဦးတက်ထွန်းအောင် က ရခိုင်ပြည်နယ်၊ ပေါက်တောမြို့နယ်အတွင်းရှိ တိမ်ကောနေသော မြို့လယ်ချောင်းအား ရေစီးရေလာ ကောင်းမွန်စေရန်နှင့် သွားလာရေး လွယ်ကူစေရန်အတွက် တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးတက်ထွန်းအောင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် များ၊ ဖိတ်ကြားထားတဲ့ဧည့်သည်တော်များ အားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်ပါတယ်။ ကျွန်တော်က

တော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)က အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ဖြစ်ပါတယ်။ ကျွန်တော်မေးမြန်းမယ့် မေးခွန်းကတော့ ကျွန်တော်တို့ ရခိုင်ပြည်နယ်ဟာ အဓိက သမိုင်းကြောင်းတစ်လျှောက်လုံးကို ကျွန်တော်တို့ ရေလမ်းခရီးကို အသုံးပြုရတဲ့ပြည်နယ်တစ်ခု ဖြစ်ပါတယ်။ အခုအချိန်မှာ ရေလမ်းခရီးအချို့ဟာ ချောင်းတွေ တိမ်ကောလာတာကို အများကြီးတွေ့ရပါတယ်။ ဒါကြောင့် အခြေခံအနေနဲ့ ကျွန်တော်တို့ ပေါက်တောမြို့နယ်ကို ဖြတ်သန်းစီးဆင်းနေတဲ့ မြို့လယ်ချောင်းဟာ ကုလားတန်မြစ်၏ အနောက်ဘက်ကမ်းမှ စီးဝင်ဖြတ်သန်းလာပြီး ကစ္ဆပနဒီမြစ် အရှေ့ဖက်ကမ်းသို့ လက်ပံပြားကျေးရွာအနီးမှ ဖြတ်သန်းစီးဆင်းသွားတဲ့ ချောင်းတစ်ချောင်း ဖြစ်ပါတယ်။

ယခင်က ၎င်းချောင်းဝဲ/ယာ မှာရှိတဲ့ ကျေးရွာများဟာ ရေလမ်းခရီးကို အသုံးပြုကြရသည့် ခရီးသည်များ ရာသီဥတုကြမ်းတမ်းသော်လည်း လွယ်ကူစွာ ကူးလူးသွားလာနိုင်သည့် ရေလမ်းတစ်ခု ဖြစ်ခဲ့ပါတယ်။ ရာသီဥတုကြမ်းတမ်းသည့်အချိန်၌ ကုလားတန်မြစ်မှ လှေ၊ သမ္ဗာန်၊ စက်လှေများ ပေါက်တောမြို့လယ်ချောင်းအတွင်းသို့ ဝင်ရောက်ခိုနား၍ နေခဲ့ရတာလည်း ရှိပါတယ်။ ဒီချောင်းရိုးတစ်လျှောက်မှာ ရှိနေတဲ့ ကျေးရွာသူ/သားများအတွက်လည်း ကုန်စည်ပစ္စည်းများ သယ်ယူရာတွင် စရိတ်နည်းပါးစွာဖြင့် အချိန်အခါမရွေး သွားလာနိုင်ခြင်း၊ ပေါက်တောမြို့ပေါ်သို့ ကျန်းမာရေးစောင့်ရှောက်မှုခံယူရန် အလွယ်တကူသွားလာနိုင်ခြင်းတို့ကြောင့် ဒေသခံပြည်သူများအတွက် အလွန်အရေးပါ အသုံးဝင်တဲ့ ချောင်းတစ်ချောင်းဖြစ်ခဲ့ပါတယ်။

ယခုအခါ ဒီချောင်းမှာ ဒီ ပေါက်တောမြို့လယ်က စီးဝင်ဖြတ်သန်းနေသော ဒီချောင်းဟာ ကျောက်ဆိပ်ကျေးရွာနှင့် သားရွဲကျေးရွာအကြားမှ ပိတ်ဆို့ ဆည်ဖို့လိုက်သည့်အတွက် ချောင်းမြေ တိမ်ကောလာကာ ရာသီဥတုကြမ်းတမ်းသည့်အခါများ၌ လှေ၊ သမ္ဗာန်များ၊ စက်လှေများ ပေါက်တောမြို့လယ်ချောင်းအတွင်းသို့ ဝင်ရောက်ခိုနားရန် အခက်အခဲအလွန်ရှိပါတယ်။ ပေါက်တောမြို့သင်္ဘောဆိပ်ကမ်း တိမ်ကောလာခြင်း၊ ချောင်းရဲ့ ဘေးတစ်ဖက်တစ်ချက်ရှိ လယ်မြေများ ထွန်ယက်စိုက်ပျိုးချိန်၌ ရေပြည့်၊ ရေလျှံ ဖြစ်နေခြင်းတို့ကြောင့် စိုက်ပျိုးရာသီအချိန်တွင် တောင်သူလယ်သမားများ နှောင့်နှေးကြန့်ကြာခြင်းတို့အပြင် လက်ဝဲ/ယာ တစ်ဖက်တစ်ချက်ရှိ ကျောက်ဆိပ်ကျေးရွာ၊ သားရွဲကျေးရွာ၊ နတ်တောင်ပြင်ကျေးရွာတို့မှ ပြည်သူများအတွက်လည်း ရေလမ်းခရီးဖြင့်သွားလာရန် အလွန်အခက်အခဲကြုံနေရတာကို တွေ့ရပါတယ်။ ဒါပေမဲ့ ကျွန်တော်က ၂၀၁၄-၂၀၁၅ ခုနှစ်မှာ ကျွန်တော် ပြည်နယ်လွှတ်တော်မှာရှိတုန်းက မေးခွန်းအဖြစ် မေးပြီးတော့ ဒီချောင်းကို ကန့်လန့်ဖြတ်ထားတဲ့ တံတားကြီး ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်က သန်း(၆၀)အကုန်ခံပြီး တည်ဆောက်ထားတဲ့ တံတားကြီးလည်း အခုရှိနေပါတယ်။ ဒီတံတားကလည်း ချောင်းရိုးကို ဖြတ်ဆက်ထားတာမဟုတ်ဘဲ ဒီချောင်းရိုးက အောက်မှာ မြေပြန့်အဖြစ် ရှိနေပါတယ်။ ချောင်းရိုးဟာ တိမ်ကောသွားတဲ့အခြေအနေ ရှိပါတယ်။

ဒါကြောင့် ပြည်ထောင်စုအစိုးရအဖွဲ့အနေနဲ့ ပေါက်တောမြို့လယ်မှ စီးဝင်နေသော မြို့လယ်ချောင်းအား ရေစီးရေလာကောင်းမွန်စေရန်နှင့် ယခင်ကကဲ့သို့ ရေလမ်းခရီးကို အလွယ်တကူသွားနိုင်ရန် တိမ်ကောနေသော မြို့လယ်ချောင်းအားတူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိကို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်းဖြစ်ပါတယ်။ အားလုံး ကျေးဇူးတင်ပါတယ်။

**ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ ပြားကြီးကျေးရွာ၌ ဒီရေ တိုက်စားသဖြင့် မြေပြိုကျနေမှုကို လှိုင်းကာကျောက်တန်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးကျော်သန်းက ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ ပြားကြီးကျေးရွာ၌ ဒီရေ တိုက်စားသဖြင့် မြေပြိုကျနေမှုကို လှိုင်းကာကျောက်တန်းများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၉။**

**ဦးကျော်သန်း၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားရပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ဖြစ်ပါတယ်။ ကျွန်တော် ဒီနေ့ မေးမြန်းလိုတဲ့မေးခွန်းကတော့ ရခိုင် ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ ပြားကြီးကျေးရွာ၌ ဒီရေ တိုက်စားသဖြင့် မြေပြိုကျနေမှုနှင့် ပတ်သက်၍ မေးမြန်းသွားမှာ ဖြစ်ပါတယ်။

လေးစားရပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ပြားကြီးကျေးရွာဟာ ပင်လယ်ကမ်းစပ်တွင် တည်ရှိပြီး အိမ်ခြေ(၂၀၀)ခန့်နှင့် လူဦးရေ(၆၀၀၀)ကျော် နေထိုင်လျက်ရှိပါတယ်။ ရွာသားများဟာ လယ်ယာ၊ ဥယျာဉ်ခြံနှင့် တံငါလုပ်ငန်းများကို လုပ်ကိုင်ကြသော ကျေးရွာတစ်ရွာ ဖြစ်ပါတယ်။ ကမ်းခြေအရှည်မှာ ပေ(၇၉၂၀)ရှိပြီး ပင်လယ်ရေမျက်နှာပြင်အထက် (၁၀)ပေ (၁၅)ပေ အမြင့်တွင် တည်ရှိပါ တယ်။ နှစ်စဉ် နှစ်တိုင်း ဒီရေတိုက်စားမှုကြောင့် လယ်ယာမြေ၊ ဥယျာဉ်မြေနှင့် ကုန်းမြေများ ဧက(၅၀)ကျော် ပျက်စီးခဲ့ရပြီးလည်း ဖြစ်ပါတယ်။ လူနေအိမ်(၃၀)ခန့်မှာလည်း ပြောင်းရွှေ့ခဲ့ရပါတယ်။ ၂၀၁၃ ခုနှစ်တွင် ဒေသခံရွာသားများ စိုက်ထုတ်ငွေနှင့် သိန်း(၃၀)ကျပ်ဖြင့် ဒီရေကာကွယ်တောများ အလျား(၂၀၀၀)ပေ၊ အနံ(၃၀)ပေအား စိုက်ပျိုးပြီး တားဆီးကာကွယ်ခဲ့သော်လည်း မအောင်မြင်ခဲ့ပါ။ ရွာသားများဟာ နှစ်စဉ် နှစ်တိုင်း ကမ်းပြိုမှုဒဏ်ကို ခံနေရပါသဖြင့် အလွန်တရာမှ စိတ်ဆင်းရဲခြင်း၊ စိုးရိမ်ခြင်းစသောဒုက္ခနှင့် ကြုံတွေ့နေရပါတယ်။

သို့ဖြစ်ပါ၍ ရွာသားများ အေးချမ်းစွာနေထိုင်နိုင်ရေးကို ရှေးရှုလျက် ကမ်းပါးပြိုကျနေမှုအား လှိုင်းကာကျောက်တန်း တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မဲဆန္ဒရှင်များ၏ကိုယ်စား ဥက္ကဋ္ဌကြီး မှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။

**စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာအုပ်စု၊ လက္ကပင်ကျေးရွာ ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံနှင့် ရေလွှဲရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၃၁။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ ဦးကျော်သောင်း က စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာအုပ်စု၊ လက္ကပင်ကျေးရွာ ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံနှင့် ရေလွှဲရေကာတာများ တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၃၂။**

**ဦးကျော်သောင်း၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)** ။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဝန်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စား လှယ်များ၊ ဧည့်သည်တော်များ အားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေ၊ ကိုယ်၊ စိတ် ရွှင်လန်း ချမ်းမြေ့ကြပါစေလို့ ရှေးဦးစွာ လေးစားဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ဖြစ်ပါတယ်။ ကျွန်တော်မေးမယ့် မေးခွန်းက စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာ အုပ်စု၊ လက္ကပင်ကျေးရွာ ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံနှင့် ရေလွှဲရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိ မေးခွန်းပဲ ဖြစ်ပါတယ်။

ဘာကြောင့် ဒီမေးခွန်းကို မေးမြန်းရတာလဲဆိုတော့ လက္ကပင်ကျေးရွာဟာ စစ်ကိုင်းတိုင်း ဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာအုပ်စုမှာ ပါဝင်ပြီး မြင်းမူမြို့ရဲ့ တောင်ဘက်ခြမ်းမှာ တည်ရှိတဲ့ ရွာကြီးတစ်ရွာ ဖြစ်ပါတယ်။ ဒီရွာကြီးဟာ အိမ်ခြေ(၃၀၀)ကျော်ရှိပြီး လူဦးရေ(၁၅၀၀)ကျော်ခန့်ရှိတဲ့ ရွာကြီးဖြစ်ပါတယ်။ လက္ကပင်ကျေးရွာဟာ ဧရာဝတီမြစ်နဲ့ဆည်မြောင်းတာပေါင်အကြားမှာတည်ရှိတဲ့ မြစ်ကမ်းဘေးက ရွာတစ်ရွာဖြစ်ပါတယ်။ ဒါကြောင့် မိုးရေကြီးတဲ့အချိန်မှာ ရေတိုက်စားမှု၊ ကမ်းပါးပြိုမှု များနဲ့ နှစ်စဉ် ကြုံတွေ့ရတဲ့ ရွာကြီးဖြစ်ပါတယ်။ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်က မြစ်ရေတိုက်စားမှုကြောင့်မို့ လက္ကပင်ကျေးရွာ ပေ (၁၀၀ x ၂၀) ကမ်းပါးပြိုမှု၊ ပေ(၁၅၀ x ၃၀) ကမ်းပါးပြိုမှုတွေကြောင့်မို့ ကျွန်တော်တို့လူနေအိမ်(၅)အိမ် ပြောင်းရွှေ့ခဲ့ရပါတယ်။ ယခုလာမည့် မိုးရာသီ ရေကြီးချိန်မှာလည်း မြစ်ကမ်းပါးပြိုမှုတွေနဲ့ ရင်ဆိုင်တွေ့ကြုံ ခံစားရဦးမှာ ဖြစ်ပါတယ်။ ယခုလည်းပဲ မြစ်ရေကြီးစ ပြုနေပြီဖြစ်ပါတယ်။ ရေတိုက်စားမှုကြောင့် ကမ်းပါးတွေလည်း ပြိုနေပြီဖြစ်ပါတယ်။

ဒါကြောင့် ဘယ်လိုအကာအကွယ်တွေလုပ်ပေးမလဲ။ ဘယ်လိုဆောင်ရွက်ပေးမလဲ။ လက္ကပင် ရွာသူ/ရွာသားတွေအတွက် ကူညီဆောင်ရွက်ပေးမှုတွေ၊ ကူညီစောင့်ရှောက်မှုတွေ ပေးဖို့လိုအပ် နေပြီဖြစ်ကြောင်း တင်ပြလိုပါတယ်။

လေးစားအပ်ပါတဲ့ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဒီနေ့ လက္ကပင် ကျေးရွာဟာ မြစ်ကမ်းပါးပြိုမှုကြောင့် အိမ်တွေပြောင်းရွှေ့ရတဲ့အခါမှာ ပေးစရာငွေလည်း မရှိပါဘူး။

ပြေးစရာ မြေလည်းမရှိသလို အင်မတန် မြေရှားပါးမှုနဲ့လည်း ရင်ဆိုင်နေရပါတယ်။ ဒါကြောင့်မို့ မြေ ဝယ်စရာငွေမရှိ၊ နေစရာ မြေမရှိတဲ့အတွက်ကြောင့်မို့လို့ ရွာသူ/ရွာသားတွေမှာ များစွာအခက်အခဲ ကြုံတွေ့နေရပါတယ်။ လွှတ်တော်နားရက်အတွင်းမှာ လက္ကပင်ကျေးရွာကို ရောက်ရှိပြီးတော့ မဲဆန္ဒရှင် ပြည်သူများနဲ့ တွေ့ဆုံရာမှာ ပြည်သူများ တင်ပြမှု၊ ပြည်သူများရဲ့ မေးမြန်းမှု၊ ပြည်သူများရဲ့ တောင်းဆိုမှု များကို အလေးအနက်ထားပြီးတော့ မှတ်သားခဲ့ပါတယ်။ ဒါ့ကြောင့် ပြည်သူ့အသံ လွှတ်တော် အသံ၊ ပြည်သူ့ဆန္ဒ လွှတ်တော်ဆန္ဒ၊ ပြည်သူတို့မျှော်လင့်ချက် လွှတ်တော်က ဖော်ဆောင်ရွက်ဆိုတဲ့ လွှတ်တော်ရဲ့ ဦးတည်ချက်ကို အလေးအနက် အဓိဋ္ဌာန်ပြုပြီးတော့၊ ဦးထိပ်ပန်ဆင်ပြီး လက္ကပင်ကျေးရွာ က ပြည်သူအများ တင်ပြချက်များကို ပြည်သူများကိုယ်စား ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းရခြင်း ဖြစ်ပါတယ်။

ကျွန်တော် မေးမြန်းလိုတဲ့ မေးခွန်းက မြင်းမူမြို့နယ်၊ ကွဲရိုက်ကျေးရွာအုပ်စု၊ လက္ကပင် ကျေးရွာအား ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံများ တည်ဆောက် ပေးရန်နှင့် ရေလွှဲရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိကို သိရှိလိုပါတယ်။ အကယ်၍ အစီအစဉ် ရှိခဲ့လျှင်လည်း ဘယ်အချိန် ဘယ်အခါမှာ ဆောင်ရွက်ပေးမယ် ဆိုတဲ့အကြောင်း အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၃၅။**

**ဥက္ကဋ္ဌ။** ။မေးခွန်းများနဲ့ပတ်သက်ပြီး ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၁း၃၅။**

**ဦးကျော်မျိုး (ဒုတိယဝန်ကြီး၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ လွှတ်တော်ကိုယ်စားလှယ်တော်ကြီး များအားလုံး၊ ဒုတိယဝန်ကြီးနှင့် ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနဲ့ ပြည့်စုံကြပါစေကြောင်း ဆုမွန်ကောင်း တောင်းအပ်ပါတယ်။ ရှေးဦးစွာ ရခိုင်ပြည်နယ်အမှတ်(၂) မဲဆန္ဒနယ်မှ အမျိုးသား လွှတ်တော်ကိုယ်စားလှယ် ဦးတက်ထွန်းအောင် ရဲ့ ရခိုင်ပြည်နယ် ပေါက်တောမြို့လယ်ချောင်း ရေစီးရေလာ ကောင်းမွန်စေရန်နှင့် ယခင်ကအတိုင်း သွားလာရေးလွယ်ကူစေရန် တိမ်ကောနေသော ပေါက်တောမြို့လယ်ချောင်းအား တူးဖော်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး မှ ဖြေကြားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ရခိုင်ပြည်နယ် ပေါက်တောမြို့လယ်ချောင်းဟာ လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလိုပဲ အရင်က ရေစီးရေလာကောင်းမွန်ပြီး သွားလာရေး လွယ်ကူခဲ့တဲ့ချောင်း ဖြစ်သော်လည်း အဲဒီချောင်းကို ၁၉၈၈ ခုနှစ် မတိုင်မီက တစ်ဖက်နှင့်တစ်ဖက် ဖြတ်သန်းမှု လွယ်ကူစေဖို့ ပေါက်တောမြို့ အထက်ဈေးမှ (၂)မိုင်ခန့်အကွာမှာ ကျောက်ဆိပ်ကျေးရွာအနီးမှာ မြေဖို့အသုံးပြုခဲ့တာကြောင့်

ချောင်းတိမ်ကောခဲ့ကြောင်း သိရှိရပါတယ်။ ၂ဝ၁၄-၂ဝ၁၅ ဘဏ္ဍာရေးနှစ်အတွင်း ပေါက်တောမြို့ လယ်ချောင်း၊ ချောင်းပိတ်နေရာကို တံတားထိုးခြင်းလုပ်ငန်း ဆောင်ရွက်ပြီးဖြစ်တဲ့အတွက် ကျောက်ဆိပ် ကျေးရွာ အထက်နားမှနတ်တောင်ပြင် ကျေးရွာအထိအလျား(၂)မိုင်ခန့်ကို တူးဖော်နိုင်ပါက ရေစီးရေလာ ပြန်လည်ကောင်းမွန်ပြီး ပေါက်တော မြို့မဈေးဝင်ပေါက်မှ ကစ္ဆပနဒီမြစ် ပုဏ္ဏားကျွန်းမြို့နယ် လက်ပံပြားကျေးရွာအထိ မိုင်(၂ဝ)ခန့် ရေလမ်းကြောင်း ခရီးကိုလွယ်ကူစွာ ဖြတ်သန်းသွားလာ နိုင်မှာဖြစ်ကြောင်း လေ့လာတွေ့ရှိရပါတယ်။

မြို့လယ်ချောင်းကို ပြန်လည်တူးဖော်မည်ဆိုပါက ခန့်မှန်းငွေကျပ်သန်း(၂၅ဝ)ခန့် ကုန်ကျ မည်ဖြစ်ကြောင်း တွက်ချက်ရရှိပါတယ်။ အဲဒီလုပ်ငန်းအတွက် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ရဲ့ ဘဏ္ဍာငွေနဲ့ မလုံလောက်နိုင်တဲ့အတွက် ပြည်နယ်အစိုးရအဖွဲ့ရဲ့ ၂ဝ၁၈-၂ဝ၁၉ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေမှာ တင်ပြတောင်းခံသွားမှာဖြစ်ကြောင်း ရခိုင်ပြည်နယ် အစိုးရအဖွဲ့က ဖြေကြားထားပါတယ်။ သို့ဖြစ်ပါ၍ တိမ်ကောနေသော ပေါက်တောမြို့ မြို့လယ်ချောင်းကို တူးဖော်နိုင်ရေးအတွက် ၂ဝ၁၈- ၂ဝ၁၉ ခု ဘဏ္ဍာရေးနှစ်တွင် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရဲ့ ရန်ပုံငွေရရှိပါက ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ နည်းပညာ များဖြင့် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးသွားမှာဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြား အပ်ပါတယ်။

လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်ကြီး များခင်ဗျား။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁ဝ)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးကျော်သန်း ရဲ့ ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ ပြားကြီးကျေးရွာ၌ ဒီရေတိုက်စားသဖြင့် မြေပြိုကျနေမှုကို လှိုင်းကာကျောက်တန်းများ တည်ဆောက် ပေးရန် အစီအစဉ် ရှိ/မရှိ နဲ့စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဆက်လက် ဖြေကြားမှာဖြစ်ပါတယ်။

ရခိုင်ပြည်နယ်၊ ကျောက်ဖြူခရိုင်၊ မာန်အောင်မြို့နယ်၊ မျှော်တော်ဦးအုပ်စု၊ ပြားကြီးကျေးရွာ ပင်လယ် ကမ်းခြေတစ်လျှောက် အလျားပေ(၇ဝဝဝ)ကျော်ဟာဆိုရင် ပင်လယ်အတွင်း ထိုးထွက်နေတဲ့ အပိုင်း ဖြစ်သဖြင့် လွှတ်တော်ကိုယ်စားလှယ်ကြီး တင်ပြသွားသလို နှစ်စဉ် မိုးတွင်းကာလမှာ လှိုင်းပုတ်ခတ်မှုကြောင့် မြေပြိုကျပျက်စီးရခြင်းများ ဖြစ်ပွားရခြင်းဖြစ်ပါတယ်။ ၂ဝ၁၄-၂ဝ၁၅ ဘဏ္ဍာရေး နှစ်မှာ ရခိုင်ပြည်နယ်အစိုးရရဲ့ ဖြည့်စွက်ရန်ပုံငွေကျပ် (၁၂၆.၄၂၂) သန်းနဲ့ အလျား (၁၅ဝ)ပေ ကျောက်ဖြည့်ရေကာတန်း (၆)ခုကိုလည်းကောင်း၊ ၂ဝ၁၅-၂ဝ၁၆ ဘဏ္ဍာရေးနှစ်မှာ ရခိုင်ပြည်နယ် အစိုးရရဲ့ မူလခွင့်ပြုရန်ပုံငွေ ကျပ်(၁၂၆.၄၂၂)နဲ့ အလျား(၁၅ဝ)ပေ ကျောက်ဖြည့် ရေကာတန်း(၆)ခု ကိုလည်းကောင်း တည်ဆောက်ကာကွယ်ခဲ့ရာ လှိုင်းပုတ် ကမ်းပြိုမှုကို သက်သာစေခဲ့ပါတယ်။

အဲဒီလိုဆောင်ရွက်ခဲ့တဲ့ ကမ်းပြိုကာကွယ်ရေးလုပ်ငန်းများဟာဆိုရင် လှိုင်းဒဏ်ခံနေရတဲ့ အလျားပေ(၇ဝဝဝ)ကျော်အတွက် လုံလောက်မှုမရှိသေးတဲ့အတွက် ရေကာတန်းများ ဆက်လက်

တည်ဆောက်ပေးရန်နဲ့ တည်ဆောက်ပြီးရေကာတာများကို ပြုပြင်ထိန်းသိမ်းပေးရန် လိုအပ်မှာဖြစ်လို့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ရခိုင်ပြည်နယ်အစိုးရ ဖြည့်စွက်ရန်ပုံငွေမှ တင်ပြတောင်းခံပြီးရန်ပုံငွေ ရရှိမှုအပေါ် မူတည်၍ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရဲ့ နည်းပညာအကူအညီနဲ့ ဆောင်ရွက်ပေးသွားမှာ ဖြစ်ပါကြောင်း ရခိုင်ပြည်နယ်အစိုးရအဖွဲ့ကိုယ်စား ဖြေကြားအပ်ပါတယ်ခင်ဗျား။

ဥက္ကဋ္ဌကြီးနှင့်လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ဆက်လက်၍ စစ်ကိုင်းတိုင်းဒေသကြီး အမှတ်(၁)မဲဆန္ဒနယ်မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးကျော်သောင်း ရဲ့ စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာအုပ်စု၊ လက္ကပင်ကျေးရွာ ကမ်းပါးပြိုမှုမှ ကာကွယ်နိုင်ရန်အတွက် ဧရာဝတီ မြစ်ကမ်းပါး မြေထိန်းနံရံများ တည်ဆောက်ပေးရန်နှင့် ရေလွှဲရေကာတာများ တည်ဆောက်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ ကြယ်ပွင့်ပြမေးခွန်းကို စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ကျွန်တော် ဦးကျော်မျိုး က ဆက်လက် ဖြေကြားမှာ ဖြစ်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ရဲ့ ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် ခွင့်ပြုရန်ပုံငွေ စာရင်းမှာ ကမ်းပြိုကာကွယ်ရေးလုပ်ငန်း (၅၇)ခု ဆောင်ရွက်ရန်အတွက် ကျပ်သန်း(၈၉၇၃.၃) ပါဝင်ပါတယ်။ အဲဒီလုပ်ငန်းများအနက် မြင်းမူမြို့နယ်အတွင်း ကမ်းနားလမ်း ထပ်ပိုးမြေထိန်းနံရံ အလျားပေ (၅၀၀) တည်ဆောက်ရန်အတွက် ကျပ်သန်း (၇၀)နဲ့ မူးဝ-ရွာထောင်ကျေးရွာ ကမ်းထိန်းလုပ်ငန်း အလျားပေ (၁၀၀၀)တည်ဆောက်ရန်အတွက် ကျပ်သန်း (၃၀၀) ပါဝင်ပါတယ်။

စစ်ကိုင်းတိုင်းဒေသကြီး၊ မြင်းမူမြို့နယ်၊ ကျွဲရိုက်ကျေးရွာအုပ်စု၊ လက္ကပင်ကျေးရွာ ဧရာဝတီမြစ် ကမ်းပြိုကာကွယ်ရေးအတွက် ၂၀၁၄-၂၀၁၅ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ငွေလုံးငွေရင်းရန်ပုံငွေကျပ်သန်း (၆၀)နဲ့ ရှင်ပင်ချမ်းသာရဘုရားအနီးမှာ ကျောက်စီ မြေထိန်းနံရံနဲ့ တမံ အလျား(၂၇၅)ပေကို ဆောင်ရွက်ပေးခဲ့ပြီးဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လွှတ်တော်ကိုယ်စားလှယ်ကြီးမေးမြန်းထားတဲ့ လက္ကပင်ကျေးရွာ ဧရာဝတီမြစ် ကမ်းပြိုကာကွယ်ရေးအတွက် ဧရာဝတီမြစ်ကမ်းပါး မြေထိန်းနံရံများ တည်ဆောက်ပေးရေးနဲ့ စပ်လျဉ်း ပြီး ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်များအရ လက္ကပင်ကျေးရွာ ကမ်းပြိုကာကွယ်ရေးဆောင်ရွက်ပေးဖို့ လိုအပ်တဲ့ အလျားပေ(၁၀၀၀)ခန့် နေရာများမှာ မြေထိန်းနံရံနဲ့ တမံတည်ဆောက်ပေးရန် ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး အစိုးရအဖွဲ့ရဲ့ ခွင့်ပြုရန်ပုံငွေစာရင်းတွင် လည်းကောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနရဲ့ ငွေလုံးငွေရင်း ခွင့်ပြုရန်ပုံငွေစာရင်းတွင် လည်းကောင်း ပါဝင်ခြင်းမရှိပါသဖြင့် ၂၀၁၈-၂၀၁၉ ဘဏ္ဍာရေးနှစ်မှာ စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့မှ ရန်ပုံငွေ ရရှိရေး လျာထားဆောင်ရွက်သွားမှာဖြစ်ပြီး ရန်ပုံငွေရရှိမှုအပေါ် မူတည်၍ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေး ဝန်ကြီးဌာန၊ ရေအရင်းအမြစ်နဲ့ မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီး ဌာနရဲ့ နည်းပညာအကူအညီနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါကြောင်း စစ်ကိုင်းတိုင်းဒေသကြီးအစိုးရအဖွဲ့ ကိုယ်စား ရှင်းလင်းဖြေကြား အပ်ပါတယ်ခင်ဗျား။

**မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးအခြေအနေကို ပြန်လည်သုံးသပ်ပြီး မူဝါဒဆိုင်ရာပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယအစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့်မေးခွန်း**

**အချိန်၊ ၁၀း၄၂။**

**ဥက္ကဋ္ဌ**။ ။ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ ဦးမောင်မောင်လတ်က မြန်မာ - အိန္ဒိယ နယ်စပ်ကုန်သွယ်ရေး အခြေအနေကို ပြန်လည် သုံးသပ်ပြီး မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေးအတွက် အိန္ဒိယအစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၄၂။**

**ဦးမောင်မောင်လတ်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)**။ ။လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဝန်ကြီးနဲ့ ဧည့်သည်တော်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုပါတယ်။ ကျွန်တော်က စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်လတ် ဖြစ်ပါတယ်။ မြန်မာ-အိန္ဒိယနယ်စပ်ကုန်သွယ်ရေးအခြေအနေကို ပြန်လည်သုံးသပ်ပြီးတော့ မူဝါဒဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများဆောင်ရွက်နိုင်ရေး အိန္ဒိယအစိုးရနှင့် ဆွေးနွေးညှိနှိုင်းရန် အစီအစဉ် ရှိ/မရှိနှင့် ပတ်သက်တဲ့ မေးခွန်းကို မေးမြန်းသွားမှာ ဖြစ်ပါတယ်။

မြန်မာ-အိန္ဒိယ (တမူး-မိုးရေး)နယ်စပ်ကုန်သွယ်ရေးကို ၁၉၉၄ ခုနှစ်မှာ နှစ်နိုင်ငံသဘောတူစာချုပ်ချုပ်ဆိုပြီး စတင်ဆောင်ရွက်ခဲ့ပါတယ်။ နှစ်ဖက်နယ်စပ်ဒေသထွက်ကုန်ပစ္စည်းချင်းဖလှယ်သောစနစ် (Traditional Exchange)၊ နှစ်ဖက်သဘောတူသတ်မှတ်ထားသော ကုန်ပစ္စည်းချင်း ဖလှယ်သောစနစ် (Barter Trade) နှင့် ငွေလွှဲစာတမ်း (Letter of Credit) (L/C) ဆောင်ရွက်သော ပုံမှန်ကုန်သွယ်ရေး (Normal Trade)ဆိုပြီးတော့ ပုံစံ(၃)မျိုးရှိပါတယ်။ ကုန်သွယ်မှုပုံစံပထမ(၂)မျိုးကို အိန္ဒိယရူပီးငွေ၊ မြန်မာကျပ်ငွေ စသဖြင့် အသုံးပြုပြီး အဆင်ပြေသလို ဆောင်ရွက်နေကြပါတယ်။ နောက်ဆုံးပုံမှန်ကုန်သွယ်ရေး (Normal Trade)ကတော့ ငွေလွှဲစာတမ်း (L/C) စနစ်အရ အမေရိကန်ဒေါ်လာငွေနှင့် နှစ်ဖက်ဘဏ်အချင်းချင်း ချိတ်ဆက်ဆောင်ရွက်ရမှာမို့ ယနေ့အထိ ဆောင်ရွက်နိုင်ခြင်း မရှိသေးတာကို သိရှိရပါတယ်။

နယ်စပ်ကုန်သွယ်ရေးကို အဆင်ပြေသလိုဆောင်ရွက်နေကြရလို့ လက်တွေ့မှာ အခက်အခဲများစွာနဲ့ ရင်ဆိုင်နေကြရပါတယ်။ ပြည်တွင်းက တရားဝင်ပစ္စည်းတွေကို အိန္ဒိယဖက်သို့ မှောင်ခိုတင်သွင်းနေရတာတွေ၊ အိန္ဒိယဖက်က တားမြစ်ကုန်ပစ္စည်းအချို့ပြည်တွင်းသို့ မှောင်ခိုလမ်းကြောင်းကနေဝင်နေတာတွေဟာ တိုင်းပြည်ရဲ့လူမှုစီးပွားဘဝကို ကြီးမားစွာထိခိုက်စေပါတယ်။ တားမြစ်ကုန်တွေဆိုရင်လည်း နှစ်နိုင်ငံနှစ်ဖက်စလုံးက ပိတ်ပင်တားဆီးပေးဖို့လိုမယ်လို့ထင်ပါတယ်။ ဥပမာ-ကျွဲ၊ နွား၊ ကျွန်းသစ်၊ သစ်မာနဲ့ အခြားသစ်တွေ မှောင်ခိုလမ်းကနေ နေ့ညမပြတ် ခိုးရောင်းနေတာတွေ ထိထိရောက်ရောက် တားဆီးပေးဖို့လိုနေပါတယ်။ ကန့်သတ်ကုန်ပစ္စည်းအမျိုးအစား ဖြေလျှော့ပေးတာ၊

နှစ်ဖက်တရားဝင်ဖြစ်အောင် ညှိနှိုင်းပေးတာ၊ အခွန်အကောက်နှုန်းထား ပြန်လည်သုံးသပ်တာတွေ လုပ်မှ ပို့ကုန် ဆတိုးမြင့်တက်လာပြီး နိုင်ငံတော်အခွန်ငွေ ရရှိတိုးပွားလာမှာဖြစ်ပါတယ်။

နယ်စပ်ကုန်သွယ်ရေးနဲ့ဆက်စပ်နေတဲ့ တမူးမြို့၊ နန်းဖာလုံဈေးဟာ စည်ပင်သာယာရေး ကော်မတီရဲ့ စီမံခန့်ခွဲမှုအောက်မှာ ရှိနေပေမယ့် တမူးမြို့ လူမှုစီးပွားရေးရဲ့ အသက်သွေးကြော တစ်ချောင်းဖြစ်တယ်လို့ပြောရင် ရနိုင်ပါတယ်။ အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့နဲ့ ခြံစည်းရိုးသာခြားပြီး ဖွင့်လှစ်ရောင်းချနေတာပါ။ အဲဒီဈေးကြီးမှာ တရုတ်နိုင်ငံလုပ် ကုန်ပစ္စည်းတွေ အများဆုံးရောင်းချနေပြီး ဟုမ္မလင်း၊ မော်လိုက်၊ ဖောင်းပြင်၊ ကလေး၊ ကလေးဝ၊ တမူးကပြည်သူတွေအတွက် အဓိကထားဖွင့်လှစ် ရောင်းချပေးတာလို့ ပြောနေပေမယ့် တကယ်တော့ ဝယ်ယူစားသုံးသူအများစုဟာ အိန္ဒိယနိုင်ငံ အရှေ့မြောက်ဒေသပြည်နယ်က ပြည်သူတွေဖြစ်ပါတယ်။

နန်းဖာလုံဈေးမှာ ဈေးရောင်းချတဲ့သူတွေဟာ ဝင်ငွေခွန်(၂)ရာခိုင်နှုန်း ပေးဆောင်ပြီးမှ ရောင်းချ ရတာဖြစ်ပါတယ်။ ဈေးသည်တစ်ဦးချင်းက ဝင်ငွေခွန် (၂)ရာခိုင်နှုန်း ပေးနေရပေမယ့် လက်တွေ့မှာ ဝင်ငွေခွန်ဆောင်သူအဖြစ်နဲ့ အမည်စာရင်းမပေါ်ပါဘူး။ ဈေးသည်များကိုယ်စား ကုမ္ပဏီ တည်ထောင် ထားသူ သယ်ယူပို့ဆောင်ရေးလုပ်ငန်းရှင်များ နာမည်ကောင်းရနေတာဟာ လုပ်နည်းလုပ်ဟန် အမှား များကြောင့် နန်းဖာလုံဈေးသူ၊ ဈေးသားများက ပြောဆိုလာကြပါတယ်။ သယ်ယူပို့ဆောင်ရေး လုပ်ငန်းရှင် များက အမှန်တကယ် သယ်ယူလာတဲ့ ကုန်ပစ္စည်းအရေအတွက်ထက် စာရင်း လျှော့ပြပြီး သက်ဆိုင်ရာ ဝန်ထမ်းတွေနဲ့ လက်သိပ်ထိုးလုပ်နေတာတွေကြောင့် ဝန်ထမ်းတွေလည်း အကျင့်ပျက်၊ နိုင်ငံတော်လည်း ဝင်ငွေခွန်အများကြီးနစ်နာရတာတွေရှိတယ်လို့ တိုင်တန်းမှုတွေ ရှိနေပါ တယ်။

ကုန်သွယ်ရေးရောင်းဝယ်ရာမှာ အိန္ဒိယရူပီးငွေကို အဓိကထားသုံးစွဲနေကြရပါတယ်။ နယ်စပ်တွေမှာ တရားဝင်ရော၊ တရားမဝင်ရော ရောင်းချရတဲ့ အိန္ဒိယရူပီးငွေဟာ မြန်မာကုန်သည်၊ ဈေးသည်တွေလက်ထဲရောက်လာရင် တရားမဝင်တော့ဘူးဆိုတာ ပြီးခဲ့တဲ့ ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာလ ၈ ရက်နေ့ကျမှ သတိပြုမိကြတာ ဖြစ်ပါတယ်။ အဲဒီနေ့က အိန္ဒိယရူပီးငွေ(၁၀၀၀)တန်နဲ့ (၅၀၀)တန် တွေကို တရားမဝင်ငွေစက္ကူအဖြစ် ကြေညာခဲ့လို့ မြန်မာကုန်သည်၊ ဈေးသည်တွေ ကျပ်သိန်းပေါင်း သောင်းချီ နစ်နာကြရပါတယ်။ မြန်မာကုန်သည်တွေ၊ ဈေးသည်တွေ အိန္ဒိယနိုင်ငံ၊ မိုးရေးမြို့ဘဏ် တွေမှာ တရားဝင် Account ဖွင့်နိုင်အောင် ညှိနှိုင်းပေးနိုင်ရင် အဆင်ပြေမယ်လို့ တင်ပြကြတာတွေ ရှိနေပါတယ်။

ဒါကြောင့် မြန်မာ-အိန္ဒိယ နယ်စပ်ကုန်သွယ်ရေးအခြေအနေကို ပြန်လည်သုံးသပ်ပြီး မူဝါဒ ဆိုင်ရာ ပြုပြင်ပြောင်းလဲမှုများ ဆောင်ရွက်နိုင်ရေး အိန္ဒိယအစိုးရနှင့် ဆွေးနွေးညှိနှိုင်းဖို့ အစီအစဉ် ရှိ/မရှိ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၆။**

**ဥက္ကဋ္ဌ**။　။ မေးခွန်းနဲ့ပတ်သက်ပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက ဖြေကြားပေးဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၄၆။**

**ဦးအောင်ထူး (ဒုတိယဝန်ကြီး၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနဲ့ တက်ရောက်လာကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ကြီးများ စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆန္ဒပြုပါတယ်။ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမောင်မောင်လတ် ရဲ့ ကြယ်ပွင့်ပြမေးခွန်းနှင့်စပ်လျဉ်းပြီး ကျွန်တော် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး ဦးအောင်ထူး က ရှင်းလင်းဖြေကြားသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ မြန်မာနိုင်ငံနှင့် နယ်နိမိတ်ချင်းထိစပ်နေတဲ့ အိန္ဒိယနိုင်ငံနှင့် နယ်စပ်ကုန်သွယ်မှုပြုလုပ်နိုင်ရန် တမူးကုန်သွယ်ရေးစခန်းနှင့် ရိဒ်ကုန်သွယ်ရေးစခန်းတို့ကို ဖွင့်လှစ်ဆောင်ရွက်လျက်ရှိသည့်အပြင် ထန်တလန် နယ်စပ်ကုန်သွယ်ရေးစခန်းကိုလည်း ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ပါတယ်။ နယ်စပ်ကုန်သွယ်မှုဆိုင်ရာ ကိန်းဂဏန်းများအရ တမူးနယ်စပ်ကုန်သွယ်ရေးစခန်းအနေနဲ့ ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ (၂၅.၆)သန်းကျော်ရှိရာမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ အမေရိကန်ဒေါ်လာ (၄၈.၂)သန်းထိ ပိုမိုတိုးတက်လာခဲ့ပြီး ရိဒ်ကုန်သွယ်ရေးစခန်းအနေဖြင့်လည်း ၂၀၁၃-၂၀၁၄ ဘဏ္ဍာနှစ်မှာ ကုန်သွယ်မှုပမာဏ အမေရိကန်ဒေါ်လာ(၁၉.၄)သန်းကနေ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်မှာ (၃၉.၆)သန်းအထိ ပိုမိုတိုးတက်လာတာကို တွေ့ရှိရပါတယ်။

အိန္ဒိယနယ်စပ် ကုန်သွယ်ရေးစခန်းများရဲ့ အဓိက ပို့ကုန်တွေကတော့ ကွမ်းသီး၊ စီးကရက်၊ CMP ဖိနပ်၊ ပန်းသီး၊ အုန်းသီး တို့ဖြစ်ပြီး အဓိကသွင်းကုန်တွေကတော့ မော်တော်ဆိုင်ကယ်၊ ဂျုံမှုန့်၊ ချည်ခင်၊ လုံချည်နှင့် အိမ်သုံးအပ်ချုပ်စက်တို့ဖြစ်ပါတယ်။ မြန်မာနိုင်ငံအနေနဲ့ နယ်စပ်ကုန်သွယ်မှုမှာ တားမြစ်ကုန်စည်များမှအပ ကုန်စည်အားလုံးကို ကုန်သွယ်ခွင့်ပြုထားပေမယ့် အိန္ဒိယနိုင်ငံဘက်ကတော့ ၁၉၉၅ ခုနှစ်မှာ ကုန်စည်(၂၂)မျိုးကို စတင်ခွင့်ပြုခဲ့ပြီး အဆင့်ဆင့် စေ့စပ် ညှိနှိုင်းဆွေးနွေးချက်များအရ လက်ရှိမှာ ကုန်စည်(၆၂)မျိုးအထိ ခွင့်ပြုထားပါတယ်။

မြန်မာ-အိန္ဒိယ (တမူး-မိုးရေး)နယ်စပ်ကုန်သွယ်မှုလုပ်ငန်းများမှာ မြန်မာ့စီးပွားရေးဘဏ်၊ တမူးဘဏ်ခွဲနှင့် အိန္ဒိယနိုင်ငံ United Bank of India မိုးရေးဘဏ်ခွဲတို့အကြား အပြန်အလှန်ဘဏ်စာရင်းများ ဖွင့်လှစ်ထားပြီးဖြစ်၍ L/C ဖွင့်လှစ်ဆောင်ရွက်နိုင်ပါတယ်။ ကုန်သွယ်မှုအတွက် ငွေပေးချေမှုများကို အမေရိကန်ဒေါ်လာ(၁)သောင်းအောက် ပမာဏအား Bank Draft ဖြင့်လည်းကောင်း၊ အမေရိကန်ဒေါ်လာ(၁)သောင်းအထက် ပမာဏအား L/C စနစ်ဖြင့်လည်းကောင်း ဆောင်ရွက်ရန် ညှိနှိုင်းထားပါတယ်။

နိုင်ငံခြားသုံးငွေများ ရောင်းဝယ်ဖောက်ကားတဲ့လုပ်ငန်းလိုင်စင်အရ ပုဂ္ဂလိကဘဏ်များဖြစ်တဲ့ သမဝါယမဘဏ်၊ မြန်မာအရှေ့တိုင်းဘဏ်၊ ဧရာဝတီဘဏ်၊ ယူနိုက်တက်အမရဘဏ်၊ ရိုးမဘဏ်နှင့် မြန်မာ့ရှေ့ဆောင်ဘဏ်တို့ကလည်း အိန္ဒိယနိုင်ငံဘဏ်များဖြစ်တဲ့ United Bank of India၊ State

Bank of India တို့နှင့် ဘဏ်အဆက်အသွယ်များ ထူထောင်ပြီး ဖြစ်ပါတယ်။ သို့သော်လည်းပဲ L/C ဖွင့်လှစ် ကုန်သွယ်မှုအရေအတွက်က နည်းပါးသေးကြောင်း တင်ပြအပ်ပါတယ်။

ဒီလိုနည်းပါးရခြင်းဟာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့မေးခွန်းမှာ ဖော်ပြထားသလို အိန္ဒိယရူပီးငွေနဲ့ ကျပ်ငွေများနဲ့သာ ကုန်သွယ်နေကြတဲ့အတွက်ကြောင့်လည်းကောင်း၊ ဒေသန္တရ ကုန်သွယ်မှုအချို့ ရှိနေတဲ့အတွက်ကြောင့်လည်းကောင်း ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်မှာပါရှိတဲ့ ကုန်သွယ်လုပ်ငန်း ဆောင်ရွက်နေသူများအနေဖြင့် ကုန်သွယ်မှုပြုရာမှာ ဝင်ငွေခွန်(၂)ရာခိုင်နှုန်းပေးဆောင်နေရပေမယ့် ဝင်ငွေခွန်ထမ်းဆောင်သူအဖြစ် အမည်စာရင်း မပါရှိကြောင်း ဖော်ပြချက်နဲ့ပတ်သက်ပြီး ပြည်တွင်းအခွန်များဦးစီးဌာနအနေနဲ့ ပို့ကုန်ကုမ္ပဏီများနဲ့ ပို့ကုန်လုပ်ငန်းရှင်များရဲ့ တင်ပို့မှုတန်ဖိုးရဲ့ (၂)ရာခိုင်နှုန်းကို ကြိုတင်ဝင်ငွေခွန်အဖြစ် ကောက်ခံနေတာဖြစ်ပါတယ်။ ဒီလို ကောက်ခံတဲ့နေရာမှာ ပို့ကုန်လုပ်ငန်းရှင်ငယ်များဟာ ကုမ္ပဏီများမှတစ်ဆင့် တင်ပို့ကြတဲ့အတွက် ပို့ကုန်ကုမ္ပဏီများဟာ သူတို့ဆောင်ရမယ့် ကြိုတင်ဝင်ငွေခွန်(၂)ရာခိုင်နှုန်းကို တစ်ဦးချင်း ပို့ကုန်လုပ်ငန်းရှင်များရဲ့ ပို့ကုန်တန်ဖိုးက နုတ်ထားလိုက်တာကို တွေ့ရပါတယ်။

သို့ဖြစ်၍ ပို့ကုန်ကုန်သည်တစ်ဦးချင်းဟာ (၂)ရာခိုင်နှုန်းကို သက်ဆိုင်ရာပို့ကုန်ကုမ္ပဏီကို ပေးလိုက်ရပေမယ့် ပြည်တွင်းအခွန်များဦးစီးဌာနမှာ စာရင်းမဝင်ဖြစ်ရပါတယ်။ ဒီအခက်အခဲကို ကျော်လွှားနိုင်အောင်အတွက် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ပို့ကုန်လုပ်ငန်းရှင်ငယ်များကို တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင် မှတ်ပုံတင်ကတ်(Individual Trading Card-ITC) များထုတ်ပေးပြီး တစ်ရက်လျှင် ကျပ်သိန်း(၃၀)၊ တစ်ပတ်လျှင် ကျပ်သိန်း(၁၅၀) အထိ ကုန်သွယ်ခွင့်ပြုထားတဲ့အတွက် ကုမ္ပဏီတည်ထောင်၍ လုပ်ငန်းဆောင်ရွက်နိုင်ခြင်းမရှိတဲ့ လုပ်ငန်းရှင်ငယ်များ ကုန်သွယ်မှုပြုရာမှာ ပိုမိုအဆင်ပြေမှာဖြစ်တဲ့အပြင် မိမိတို့ဆောင်တဲ့ ကြိုတင်ဝင်ငွေခွန်(၂)ရာခိုင်နှုန်းကို မိမိတို့နာမည်နဲ့ အမည်ပေါက်ပေးဆောင်နိုင်ကြမှာ ဖြစ်ပါတယ်။

အိန္ဒိယရူပီးငွေ(၁၀၀၀)တန်နှင့် (၅၀၀)တန်တွေကို တရားမဝင်ငွေစက္ကူအဖြစ် ကြေညာခဲ့သည့်ကိစ္စနဲ့ပတ်သက်၍ နှစ်နိုင်ငံသက်ဆိုင်ရာဝန်ကြီးဌာနများအကြားမှာ ညှိနှိုင်းဆွေးနွေး ဆောင်ရွက်လျက်ရှိကြောင်းလည်း တင်ပြအပ်ပါတယ်။ နှစ်နိုင်ငံအကြား ကုန်သွယ်မှုများ တိုးတက်မြင့်မားလာစေဖို့အတွက် နှစ်နိုင်ငံဝန်ကြီးအဆင့် ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေး၊ နှစ်နိုင်ငံအရာထမ်းအဆင့် နယ်စပ်ကုန်သွယ်ရေးကော်မတီအစည်းအဝေးနှင့် နယ်စပ်ဈေး ပူးတွဲကော်မတီအစည်းအဝေးများကို အပြန်အလှန်ကျင်းပ၍ ပူးပေါင်းဆောင်ရွက်လျက်ရှိပါတယ်။

၂၀၁၅ ခုနှစ်က နေပြည်တော်မှာ ပြုလုပ်ခဲ့တဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံကုန်သွယ်ရေး ပူးတွဲကော်မတီ အစည်းအဝေးမှာ နယ်စပ်ကုန်သွယ်ရေးအတွက် ကုန်သွယ်မှု ပြုနိုင်သည့်အမယ်များ တိုးမြှင့်ရေးနဲ့ မြန်မာနိုင်ငံ၊ ထန်တလန်မှာ ကုန်သွယ်ရေးစခန်းဖွင့်လှစ်ခဲ့ပြီး ဖြစ်သဖြင့် တစ်ဖက်နိုင်ငံရှိ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်၊ ပန်ခွာတွင် ကုန်သွယ်ရေးစခန်းအသစ် ဖွင့်လှစ်ပေးရန် မြန်မာဘက်မှ မေတ္တာရပ်ခံထားပြီး ဖြစ်ပါတယ်။

ထို့အပြင် နှစ်နိုင်ငံ ဘဏ်လုပ်ငန်းဆိုင်ရာကိစ္စ၊ အလားအလာရှိတဲ့ ကဏ္ဍများဖြစ်တဲ့ လယ်ယာ၊ ရေထွက်၊ ဆေးဝါး၊ အထည်အလိပ်ကဏ္ဍများတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် နယ်စပ်ဒေသအခြေခံအဆောက်အအုံဖွံ့ဖြိုးတိုးတက်ရန်ကိစ္စများကို ချစ်ကြည်ရင်းနှီးစွာ ဆွေးနွေးညှိနှိုင်းနိုင်ခဲ့ကြပါတယ်။ ဆဋ္ဌမအကြိမ် မြန်မာ-အိန္ဒိယ ကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးကို အိန္ဒိယနိုင်ငံ၊ နယူးဒေလီမြို့မှာ ၂၀၁၇ ခုနှစ်၊ ဇွန်လမှာ ကျင်းပရန်ရှိရာ လွှတ်တော်ကိုယ်စားလှယ်ကြီးရဲ့ မေးမြန်းချက်များကို အလေးထားထည့်သွင်းစဉ်းစားပြီး ဧစ့စပ်ညှိနှိုင်းသွားမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

နှစ်နိုင်ငံနယ်စပ်ကုန်သွယ်ရေးဆိုင်ရာ သဘောတူစာချုပ်နှင့် နှစ်နိုင်ငံပူးတွဲ ကြေညာချက်တို့အရ တမူး-မိုးရေးနှင့်ရိဒ်-ဇိုခေါ်သာတို့မှာ စီးပွားရေးလုပ်ငန်းရှင်များနှင့် နယ်စပ်ကုန်သွယ်ရေးအရာရှိများအကြား အစည်းအဝေးများကိုလည်း နှစ်နိုင်ငံ အလှည့်ကျ ကျင်းပပြုလုပ်လျက်ရှိပါတယ်။ အဆိုပါအစည်းအဝေးတွင် ကုန်သွယ်မှုမြှင့်တင်နိုင်ရေး၊ ဘဏ်လုပ်ငန်းများ ပူးပေါင်းဆောင်ရွက်နိုင်ရေးနှင့် နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးကိစ္စများကို ဆွေးနွေးညှိနှိုင်းခဲ့ပါတယ်။

ထို့အပြင် အိန္ဒိယဝန်ကြီးချုပ်ရဲ့ ၂၀၁၂ ခုနှစ်၊ ခရီးစဉ်မှာ နယ်စပ်နေပြည်သူများရဲ့ အကျိုးစီးပွားဖြစ်ထွန်းရေးကို ရည်ရွယ်၍ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံနယ်စပ်၌ နယ်စပ်ဈေးများ ဖွင့်လှစ်နိုင်ရေးနားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးခဲ့ပါတယ်။ ပထမအကြိမ် နယ်စပ်ဈေးပူးတွဲကော်မတီအစည်းအဝေးကို ၂၀၁၂ ခုနှစ်တွင် နေပြည်တော်၌ ပြုလုပ်ခဲ့ပြီး စစ်ကိုင်းတိုင်းဒေသကြီးတွင် (၅)နေရာ၊ ချင်းပြည်နယ်တွင် (၅)နေရာ ဖွင့်လှစ်ရန်မူအားဖြင့် သဘောတူညီခဲ့ကြပါတယ်။ နယ်စပ်ဈေးများစီမံခန့်ခွဲမှုနည်းလမ်း(Mode of Operation)မူကြမ်းကိုလည်း သက်ဆိုင်ရာဌာနများနှင့် တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရတို့ရဲ့စည်းမျဉ်းစည်းကမ်း၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ပြင်ဆင်ရေးဆွဲလျက်ရှိပါတယ်။

သို့ပါ၍ စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ-အိန္ဒိယ နှစ်နိုင်ငံအကြား ကုန်သွယ်မှုပမာဏ ပိုမိုတိုးတက်လာစေရေးအတွက် နှစ်နိုင်ငံကုန်သွယ်ရေးပူးတွဲကော်မတီအစည်းအဝေးများ၊ နယ်စပ်ကုန်သွယ်ရေးအရာရှိများအဆင့် ပူးတွဲကော်မတီအစည်းအဝေးများနှင့် နယ်စပ်ဈေးပူးတွဲကော်မတီအစည်းအဝေးများကို ပုံမှန်ကျင်းပ၍ နယ်စပ်ကုန်သွယ်မှုတိုးတက်ရေး၊ ကုန်သွယ်မှု လွယ်ကူချောမွေ့စွာ ဆောင်ရွက်နိုင်ရေးကို ဆောင်ရွက်လျက်ရှိပါကြောင်း တင်ပြအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ရပ်နားကြောင်းနှင့် သတ္တမနေ့အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့် အချိန်ကို ကြေညာခြင်း**

**အချိန်၊ ၁၀း၅၅။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ ခင်ဗျား။ ယခု ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ရပ်နားပါမယ်။ ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဉ္စမပုံမှန်အစည်းအဝေး သတ္တမနေ့ကို ၂၀၁၇ ခုနှစ်၊ မေလ

၃၁ ရက် (ဗုဒ္ဓဟူးနေ့)နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက်ကျင်းပမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီ ခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ပဥ္စမပုံမှန်အစည်းအဝေး ဆဋ္ဌမနေ့ကို ၁၀း၅၅ နာရီ အချိန်တွင် ရပ်နားပါသည်။]